DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၈၈)

# ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

သာသနာတော်နှစ်၂၅၅၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃–ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့၊ မိုးထိအောင်စည် သာသနာ့ရိပ်သာ ဓမ္မရုံကြီးအတွင်းဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင် အခမ်းအနား၌ ဦးစိုးဝင်း+ဒေါ်နန်းဆိုင်စော "VEC ပညာရေး" မိသားစု၊ ဦးမောင်ကို+ဒေါ်စန်းစန်းအေး "အောင်ဇမ္ဗူ အထည်ဆိုင်" မိသားစု၊ ဦးဝင်းမြင့်ဦး "ရွှေမိအထက်ဆင်" မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားတော်မူသည်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော ဒေသနာတော်တွေထဲမှာ အနှစ်သာရ အကျဆုံးလို့ ပြောရမယ့် ဒေသနာဟာ ပဋိစ္စသမုပ္ပါဒ် ဖြစ်တယ်။ ပဋိစ္စသမုပ္ပါဒ်လို့ ဆိုလိုက်တာနဲ့ သစ္စာ၄–ပါးလည်း ဒီထဲမှာပါဝင်သွားတယ်၊ ပဋ္ဌာန်းကျမ်းကြီးလည်း ဒီထဲမှာ ပါဝင်သွားတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်စအခါတုန်းက ဒီ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးနဲ့ သံသရာဝဋ္ဋ်ဆင်းရဲမှ ချုပ်ငြိမ်းရာနိဗ္ဗာန်(သို့မဟုတ်) ပဝတ္တိနဲ့နိဝတ္တိ အခြေအနေ(၂)ရပ် ပေါင်းစပ် ကြည့်လိုက်တဲ့အခါ တရားတော်ဟာ အလွန်လေးနက်တာကို တွေ့ရတယ်၊ တရားတော်က အလွန်လေးနက်မြင့်မားပြီး သတ္တဝါတို့ရဲ့ အခြေအနေက အလွန်နိမ့်ကျလွန်းအားကြီးတယ်၊ တရားဟောလို့ ဖြစ်မယ်မထင်ဘူးလို့တောင် စဉ်းစာမိတယ်။

ဒီကနေ့ ကဆုန်လပြည့်နေ့ဆိုတော့ ကဆုန်လပြည်နေ့ဟာ မြတ်စွာဘုရားဘဝနဲ့ ဆက်စပ်နေတဲ့ နေ့ထူးနေ့မြတ်ဖြစ်တယ်၊ အားလုံး ဗုဒ္ဓဘာသာဝင်သူတော်စင်တွေ သိတဲ့အတိုင်း ကဆုန်လပြည်နေ့နဲ့ ဗုဒ္ဓဘဝဆက်စပ်မှု(၄)မျိုးရှိတယ်။ အဲဒီ(၄)မျိုးကို ပညာရှိတွေက မှတ်တမ်းတစ်ခု ပြုထားကြတယ်။ **"ဗျာဒိတ်တော်ခံ ဖွား၊ ပွင့်၊ စံ"**လို့ အတိုကောက်

မှတ်တမ်းတင်ထားကြတယ်။

"ဗျာဒိတ်တော်ခံ" ဆိုတာ ဘုရားအလောင်း သုမေဓာဘဝ ဒီပင်္ကရာမြတ်စွာဘုရားနှင့် တွေ့ဆုံလို့ ဘုရားဆုပန်တဲ့အခါမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့တဲ့ နေ့ရက်ဟာလည်း ဒီကဆုန်လပြည့်နေ့ဘဲ ဖြစ်တယ်။ ကဆုန်လပြည်နေ့ကို ပါဠိဘာသာနဲ့ "ဝေသာခ"လို့ခေါ်တယ်။ အိန္ဒိယ၊သီဟိုဠ်နိုင်ငံတွေက ဝေဆာခ (Vesakha)လို့ ဖတ်ကြတယ်၊ ပါဠိစကားလုံးကို အသံထွက်တမျိုးနှင့် သုံးတာဖြစ်တယ်။

ကဆုန်လပြည့်နေ့ညထွက်တဲ့ လပြည့်ဝန်းကြီးဟာ ဝိသာခဆိုတဲ့ နက္ခတ်နဲ့ ယှဉ်တွဲပြီးထွက်တဲ့အတွက် လရဲ့နာမည်ကိုလည်း "ဝေသာခ" ဒီလိုခေါ်တယ်။ ဒီနေရာမှာ ဝိသာခဆိုတာ ကောင်းကင်မှာရှိတဲ့ နက္ခတ်ရဲ့နာမည်လို့ မှတ်ကြရပါမယ်။ ဝိသာခနက္ခတ်နဲ့ ယှဉ်တွဲနေတဲ့လကို 'ဝေသာခ'လို့ ဒီလိုနာမည်ပေးတာဖြစ်တယ်။ နိုင်ငံတကာမှာ ဒီကနေ့

ဝေဆာခလို့ခေါ်တဲ့ပွဲတွေ ကျင်းပပြီး မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော် တွေကို မှန်းမြော်ကြည်ညို ရှိခိုးပူဇော်ကြတဲ့နေ့ ဖြစ်တယ်။

ဒီလိုထူးခြားတဲ့နေ့မှာ အခုလို တရားဟော ခွင့် တရားနာခွင့်ရတာဟာ အလွန်ကံကောင်းကြလို့ ဖြစ်တယ်။ တရားဟောခြင်း၊ တရားနာခြင်းဖြင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို ပူဇော်ကြရတယ်။ အဲဒီတော့ ကဆုန်လပြည့်နေ့ဟာ မြတ်စွာ ဘုရားရှင်ကိုယ်တော် မြတ်ရဲ့ ဘဝနှင့် ဆက်စပ်နေတာ ဖြစ်သောကြောင့် နေ့ထူးနေ့မြတ်ဖြစ်တယ်။ အများအားဖြင့် "ဗျာဒိတ် တော်ခံ"ကို ထည့်ပြောလေ့ပြောထ မရှိကြဘူး။ "ဖွား၊ ပွင့်၊ စံ"ကိုဘဲ ဖော်ပြကြတယ်။ ဝေဆာခနေ့နဲ့ ပတ်သတ်ပြီး အင်္ဂလိပ်ဘာသာနှင့် ရေးထားတဲ့စာတွေ ထဲမှာ Three sacred day ဖော်ပြကြတယ်။ လက်ရှိ

ဘုရားဘဝနှင့် ဆက်စပ်ရင်တော့ (၃)မျိုးဘဲ၊ သို့သော် သံသရာဘဝနှင့် ဆက်စပ်ရင်တော့ (၄)မျိုးလို့ မှတ်ရမှာပေါ့။

အေး ကောင်းပြီ၊ "ဖွား၊ ပွင့်၊ စံ"ဆိုတာ ဘုရားအလောင်းလေး မွေးဖွားတာလည်း ကဆုန်လပြည့်နေ့ဘဲ၊ သက်တော်(၃၅)နှစ်ပြည့်လို့ ဘုရားအဖြစ်ရောက်တော်မူတာဟာလည်း ကဆုန်လပြည့်နေ့ဘဲ၊ နောက်ဆုံး သက်တော်(၈၀) ဝါတော်(၄၅)အရ ခန္ဓာဝန်ချပ်ငြိမ်းလို့ ပရိနိဗ္ဗာန်စံတော်မူတာဟာလည်း ကဆုန်လပြည့်နေ့ဘဲ၊ ဒါကြောင့် ဘုန်းကြီးတို့တွေ အလေးအနက်ထားရမယ်။ ဒီနေ့မှာ အထူးသဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အာရုံပြုပြီးတော့ ပူဇော်ရမှာဖြစ်တယ်။

ဘုရားအလောင်းဟာ ဝိသာခါနက္ခတ်နဲ့ ယှဉ်တဲ့ ကဆုန်လပြည့်နေ့မှာ မွေးဖွားလာတယ်။ သာမန်လူသားတစ်ယောက် မွေးဖွားလာတာနဲ့

မတူဘူး။ ဘုရား အလောင်းတော်ရဲ့ မွေးဖွားလာမှုဟာ အင်မတန်မှ ထူးခြားတယ်၊ မယ်တော်မာယာဟာ ဘုရားအလောင်းလေး မွေးဖွားတဲ့အခါမှာ သာမန် အမျိုးသမီးတွေ သားယောက်ျားလေးကို ဖွားသန့်စင်တဲ့ အနေအထားမျိုး မဟုတ်ဘူး။ မတ်တပ်ရပ်လျက် ဖွားသန့်စင်တယ်။ ဘုရားအလောင်းတော်လေးဟာ မယ်တော်မာယာရဲ့ဝမ်းမှ မွေးဖွားပြီး လူ့လောကထဲကို ဝင်လာတဲ့အခါ "တရားပလ္လင်ပေါ်က ဓမ္မကထိက ဆင်းသလို" အနေထားမျိုးနဲ့ မွေးဖွားလာခဲ့တာ ဖြစ်တယ်။

ပထမဆုံး နတ်တွေက ခံယူတယ်။ ဒုတိယ လူတွေကခံကြတယ်၊ ပြီးမှ ကမ္ဘာမြေပေါ်မှာ ခြေချတယ်။ ဒီကနေ့ရဲ့ ထူးခြားတဲ့အဖြစ်အပျက်တွေက ကမ္ဘာမြေကြီးပေါ် ခြေချပြီး၊ မြောက်အရပ်ကိုဦးတည်ကာ ခုနစ်ဖဝါး လှမ်းတယ်။ "မြောက်"ဆိုတာ တောင်အရပ်ထက်မြင့်လို့ မြောက်လို့ခေါ်တယ်၊ တောင်

အရပ်က နိမ့်တယ်၊ မြောက်အရပ်က မြင့်တယ်၊ ဒါကြောင့် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း ကြည့်။ ကမ္ဘာလုံးကြီးဟာ မြောက်ဝန်ရိုးစွန်းက မြင့်မောက်ပြီး တောင်ဝင်ရိုးစွန်းဘက်က နိမ့်တယ်၊ ဘုရားအလောင်းက မြောက်ဖက်ကို ဦးတည်ပြီး သွားတယ်ဆိုတော့ အမြင့်ဘက်ကို ဦးတည်ပြီး သွားတယ်လို့ ပြောလို့ရတယ်။ အဲဒီလို ဦးတည်သွားပြီး စကြာဝဠာအားလုံးကို ကြည့်လိုက်တယ်။ "သူ့ထက်မြင့်မြတ်တဲ့သူ ရှိသလား"ဆိုတာ စူးစမ်းတယ်။ သတ္တလောကကြီးတစ်ခုလုံးမှာ သူ့ထက် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိတဲ့အတွက်ကြောင့် နှုတ်ကပြောဆို ကျူးရင့်လိုက်တယ်။ "**အဂ္ဂေါဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ**" တဲ့။

အဲဒီလို မိခင်ဝမ်းကဖွား,ဖွားချင်း စကားပြောနိုင်တာဟာ ဘုရားလောင်းဘဝမှာ သုံးဘဝ

ကြုံခဲ့တယ်။ မဟောသဓာဘဝတုန်းက မွေးဖွားလာတဲ့အခါ လက်ထဲမှာ ဆေးတောင့်လေး ပါလာတယ်၊ အဲဒီဆေးတောင့်လေးကို မိခင်လက်ထဲ အပ်နှင်းတဲ့အခါမှာ စကားပြောပြီးအပ်နှင်းတယ်။ ဝေဿန္တရာမင်းကြီး ဘဝမှာလည်း "ဘာလှူစရာရှိပါသလဲ"လို့ တောင်းဆိုတဲ့အခါမှာ စကားပြောခဲ့တယ်။ အခုနောက်ဆုံးဘဝ ရောက်တဲ့အခါမှာ အမတန်မှထူးခြားပြီး ရဲရင့်တဲ့စကားကို ပြောကြားတယ်။ ဒါ့နောက်

**"အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"**

ဒီဘဝဟာ သူ့အတွက် နောက်ဆုံးဘဲ နောက်ထပ်ဘဝမရှိတော့ဘူးလို့ ကြွေးကြော်လိုက်တယ်။ "ဒီကနေ့မွေးဖွားခြင်းဟာ နေက်ဆုံးမွေးဖွားခြင်းဘဲ"လို့ ကြုံတင်ပြောနိုင်တာဟာ ပါရမီတွေကို ဖြည့်ဆည်းပြီး အင်မတန်မှ ရင့်ကျက်တဲ့ အသိဉာဏ်နဲ့ ထုတ်ဖော်ပြောဆိုခြင်း ဖြစ်တယ်။

ဒါကတော့ ကဆုန်လပြည့်နေ့အတွက်

မှတ်သားစရာလေး တစ်ခုပါ၊ အဲဒါကိုဘဲ မျှော်မှန်းပြီး မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို ကြည်ညိုနိုင်တာပေါ့။

ဘုရားအဖြစ်သို့ ရောက်တဲ့အခါမှာလည်း ဟောဒီ ကဆုန်လပြည့်ညနေမှာ ဘုရားအလောင်းတော်ဟာ မှန်ကန်တဲ့ မဂ္ဂင်လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းတယ်။ ရှေးဦးစွာ အာနာပါနကမ္မဋ္ဌာန်းနဲ့ သမထကျင့်စဉ်ကို ကျင့်တယ်။ ပထမယာမ်မှာ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**ကို ရတယ်။ ဒီကနေ့ ကဆုန်လပြည့်နေ့ ည(၁၀)နာရီ ပတ်ဝန်းကျင် အတွင်းမှာ ပုဗ္ဗေနိဝါသဉာဏ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်တစ်မျိုးကို ရတယ်။

အဲဒီ ဉာဏ်အစွမ်းနဲ့ အတိတ်ဘဝ မိမိကြည့်လိုတဲ့ ဘဝတွေကို ခုန်ကျော်၍ဖြစ်စေ အစဉ်အတိုင်းဖြစ်စေကြည့်နိုင်တယ်။ အလှမ်းဝေးတဲ့ ဘဝတွေဟာ မျက်စိအောက်မှာ ပကတိမြင်နေရသကဲ့သို့ ထင်ထင်

ရှားရှား ပီပီပြင်ပြင်ကြီး မြင်နိုင်တဲ့ အသိဉာဏ်တစ်မျိုးကို ရတယ်။

မဇ္ဈိမယာမ်လို့ဆိုတဲ့ သန်းခေါင်ယာမ်မှာ အလင်းကြီးကို ဖြန့်ကျက်ပြီး စကြာဝဠာအားလုံး ကမ္ဘာလောကအဆုံး သတ္တဝါတွေအားလုံးကို မြင်နိုင်ကြည့်နိုင်တဲ့ **ဒိဗ္ဗစက္ခုဉာဏ်**ကိုရတယ်။ သတ္တဝါတွေ ထိုထိုဘဝတွေကို ရောက်ကြတာကိုမြင်ရတယ်။ ဒီ ဒိဗ္ဗစက္ခုဉာဏ်ကိုရလို့ ကံတရားကို ပိုင်ပိုင်နိုင်နိုင်ကြီး သိတယ်။ ထိုဝိဇ္ဇာဉာဏ်ကို ရရှိတဲ့အခါ ဝေးလံတဲ့ နေရာမှာရှိတဲ့ အာရုံတွေကိုဖုန်းလွှမ်းတဲ့ သို့မဟုတ် ကံအကြောင်းတရားကို မသိနိုင်အောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာဟာ ကင်းစင်သွားတယ်။ ကံအကြောင်းကို ပီပီပြင်ပြင် သိတယ်။

အဲဒီနောက် သန်းခေါင်ကျော်အချိန်မှာ သမထကို အခြေခံပြီး ဝိပဿနာဘက် ကူးတယ်၊ ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်လိုက်တဲ့အခါ အရဏ်

တက်ခါနီးဆဲဆဲမှာ မဂ်(၄)ပါးဖိုလ်(၄)ပါး အစဉ်အတိုင်းရတယ်။ သမထသမာဓိတွေက အားကောင်းလာလို့ ဝိပဿနာဉာဏ်ဘက်ကို ဦးလှည့်လိုက်တာနဲ့ တစ်ပြိုင်နက် ရုပ်တရား နာမ်တရားတွေကို ပီပီပြင်ပြင် ရှုမြင်သုံးသပ်တယ်။ ဝိပဿနာဉာဏ် ရင့်သန်လာတဲ့ အခါ တစ်ထိုင်တည်းနဲ့ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ် အနာဂါမိဖိုလ်၊ အဆင့်ဆင့်တက်ပြီး အရဟတ်တက်တာနဲ့တပြိုင်နက် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရရှိလိုက်တယ်။

အရဟတ္တမဂ်ဉာဏ်ကို အာသဝက္ခယအဘိညာဉ်လို့ ခေါ်တယ်။ အရဟတ္တမဂ်ဉာဏ်ရလိုက် တာနဲ့တစ်ပြိုင်နက် အရဟတ္တမဂ်ဉာဏ်က ပေးအပ်လိုက်တဲ့ ဂုဏ်ထူးဘွဲ့ထူးတွေလို့ဆိုနိုင်တဲ့ အရဟတ္တဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အသာဓာရဏဉာဏ်၊ ဒသဗလဉာဏ်တွေ ဘုရားရှင်တွေသာ

ရနိုင်တဲ့ ဂုဏ်ထူးဝိသေသအားလုံး ရရှိပြီး ကဆုန်လပြည့်နေ့ည အရုဏ်တက်ချိန်မှာ ဘုရားအဖြစ်သို့ ရောက်တော် မူတယ်။

အဲဒီတော့ဒါဟာ မြတ်စွာဘုရားရဲ့အင်မတန်မှ ထူးခြားတဲ့ အနေအထားတခုပါပဲ၊ အာသဝက္ခယဉာဏ်ရပြီး ဘုရားအဖြစ်သို့ ရောက်တဲ့အခါမှာ အင်မတန်လေးနက်လှတဲ့ ပဋိစ္စသမုပ္ပါဒ်နှင့် နိဗ္ဗာန်တရားကို ဟောကြားတော်မူခဲ့တယ်။ မြတ်စွာဘုရားဘဝနဲ့ ကဆုန်လပြည့်နေ့ ဆက်စပ်မှုတစ်ခုက (၄၅)ဝါ ကာလပတ်လုံး မရပ်မနား၊ နားချိန် အနည်းငယ်မျှသာထားပြီး မြတ်စွာဘုရားဟာ တရားဓမ္မတွေကို ဟောပြောတော်မူခဲ့တယ်။

ဗုဒ္ဓကိစ္စ (၅)ပါးဆိုတာ ရှိတယ်။ (၁) **ပုရေဘတ္တကိစ္စ**–နံနက်ပိုင်းမှာ လုပ်တဲ့အလုပ်၊ (၂) **ပစ္ဆာဘတ္တကိစ္စ**–နေ့လည်ပိုင်းအချိန်မှာ လုပ်တဲ့ကိစ္စ၊ **(၃)ပုရိမယာမကိစ္စ** သို့မဟုတ် **ပထမယာမကိစ္စ**–

ပထမယာမ်မှာ လုပ်တဲ့ကိစ္စ၊ **(၄)မဇ္ဈိမယာမကိစ္စ**–မဇ္ဈိမယာမ်မှာ လုပ်တဲ့ကိစ္စဆိုပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ မဇ္ဈိမယာမ်မှာ ခဏာတာ အနားယူ အပန်းဖြေနေပြီးတော့ **(၅)ပစ္ဆိမယာမကိစ္စ**–သတ္တလောကကြီး တစ်ခုလုံးကို ကြည့်တဲ့ကိစ္စကို ဆောင်ရွက်တယ်။ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ကြွရောက် တရားဟောတော်မူခဲ့တယ်။

ဒီအလုပ်ဟာ မနားမနေ (၄၅)နှစ်ကာလ ပတ်လုံး လုပ်ခဲ့တဲ့အလုပ်တွေဘဲ၊ အဲဒီလို လုပ်ပြီး နောက်ဆုံး ကဆုန်လပြည့်နေ့ဟာ ယခုခေတ် လူတွေ ပြောရင် ကံကောင်းတဲ့နေ့လည်း ဟုတ်တယ်၊ ကံဆိုးတဲ့ နေ့လည်း ဟုတ်တယ်ပေါ့၊ ဘာဖြစ်လို့လဲဆိုရင် မြတ်စွာဘုရားဟာ ဖွားတော်မူတာလည်း ကဆုန်လပြည့်နေ့ပဲ၊ ပရိနိဗ္ဗာန်စံတာလည်း ကဆုန်လပြည့်နေ့ပဲ။

လူတွေကတော့ မွေးဖွားတဲ့နေ့ကို မင်္ဂလာ

ရှိတဲ့နေ့လို့ဆိုကြပြီး သေတဲ့နေ့ကိုတော့ မင်္ဂလာရှိတဲ့နေ့လို့ သတ်မှတ်ချင်မှ သတ်မှတ်မယ်၊ သို့သော်လည်း ဘဝဆိုတာ ဒီကစရင် ဒီမှာဆုံးတယ်ဆိုတာတော့ ရှိပြီးသားပဲပေါ့၊ ဘယ်ဟာက မင်္ဂလာရှိတယ်၊ ဘယ်ဟာက မင်္ဂလာမရှိဘူးဆိုတာတော့ ကုသိုလ်ရခြင်း မရခြင်းနဲ့သာ ဆိုင်တယ်ပေါ့။ သို့သော် လောကလူတွေရဲ့ မင်္ဂလာလို့ သတ်မှတ်ပုံက အင်မတန်မှ ကွဲပြားခြားနားမှုတွေ ရှိတယ်၊ အေး နောက်ဆုံး ကဆုန်လပြည့်ဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် တာဝန်ဝတ္တရားတွေဆောင်ရွက်လို့ နောက်ဆုံးအချိန် ရောက်လာတယ်။

အခုလိုကဆုန်လပြည့်နေ့ည သန်းခေါင်ကျော်သွားတဲ့အချိန်မှာ သုဘဒ္ဒဆိုတဲ့ပရိဗိုဇ်ကြီး ရောက်ရှိလာပြီး မေးခွန်းတွေမေးတယ်။ "ဘုရားလို့ ဝန်ခံနေကြတဲ့ ပူရာဏကဿပတို့ မက္ခလိဂေါသာလတို့ ဒိဋ္ဌိဆရာကြီးတွေဟာ သူတို့ဝန်ခံတဲ့အတိုင်း

ဟုတ်သလား မဟုတ်ဘူးလား” ဆိုတဲ့ မေးခွန်းတွေ မေးတယ်။ မြတ်စွာဘုရားက “သုဘဒ္ဒ ဒါတွေ မေးမနေနဲ့ အချိန်မရှိဘူး”ဆိုပြီး မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဟောကြားတယ်။ ဒါနောက်ဆုံးသာဝကကို မြတ်စွာဘုရားဟာ တရားပြခြင်းဘဲဖြစ်တယ်၊ အဲဒီ သုဘဒ္ဒပုရဗိုဇ်ကြီးကို တရားဟောပြီးတဲ့နောက် အရုဏ်တက်တဲ့အချိန်မှာဘဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ သမာပတ်တွေ အကြိမ်ကြိမ် ဝင်စားပြီး သက်သက်သာသာ မြောက်အရပ်မျက်နှာကို ဦးခေါင်းထားပြီး လက်ယာဘက်ကိုစောင်းလိုက်တဲ့ အခါကျတော့ မြတ်စွာဘုရားရဲ့အနေအထားကို ကြည့်မယ်ဆိုရင် မြောက်ဘက်ကို ဦးခေါင်းထားပြီး လက်ယာဘက်ကိုစောင်းလိုက်လျှင် နေဝင်တဲ့ဘက်ကို မျက်နှာမူပြီးသား ဖြစ်သွားတယ်။

ဘုရားဖြစ်တုန်းကတော့ အရှေ့ဘက်ကို မျက်နှာမူပြီး ဘုရားဖြစ်တာ၊ အခု ပရိနိဗ္ဗာန်စံတဲ့အခါ

ကျတော့ အနောက်ဘက်ကိုမျက်နှာမူပြီး ပရိနိဗ္ဗာန်စံတယ်၊ သာမန်အားဖြင့် ပြောမယ်ဆိုရင်တော့ ရည်ရွယ်ချက်မရှိဘဲ လုပ်တယ်လို့ ပြောချင်ပြောလို့ရတယ်၊ သို့သော် အရှေ့ဘက်ကို မျက်နှာမူကတည်းက အရှေ့လောကဓာတ်က နေမင်းကြီး ထွက်ပေါ်တဲ့နေရာဖြစ်လို့ လောကကြီးကို အလင်းရောင်ပေးတယ်ဆိုတဲ့ သင်္ကေတအနေနဲ့ မြတ်စွာဘုရားက အရှေ့ဘက် မျက်နှာမူပြီး ထူးခြားတဲ့ တရားထူးတရားမြတ်ကို သိရှိခဲ့တာလို့ ဒီလိုဆိုနိုင်ပါတယ်။

တစ်ခါ အနောက်ဘက်ကို မျက်နှာမူပြီး ပရိနိဗ္ဗာန်စံတယ်ဆိုတဲ့နေရာမှာ အနောက်ဘက်ဆိုတဲ့ နေဝင်တဲ့နေရာ၊ အေး လောကမှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးတည်းဟူသော နေမင်းကြီးဟာ အတ္တတောင်စွန်းကို ကွယ်ပျောက်ပြီဆိုတဲ့ အဓိပ္ပါယ်ကို ဖော်ကျူးသွားတာလည်း ဖြစ်နိုင်တယ်ပေါ့။

ဒီကနေ့ ကဆုန်လပြည့်နေ့ဟာ "ဗျာဒိတ်တော်ခံ ဖွား ပွင့် စံ" ဆိုတဲ့အတိုင်း လေးကြိမ်လေးခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဘဝနှင့် ဆက်စပ်ပြီး ထူးခြားတဲ့ လပြည့်နေ့ကြီး ဖြစ်တယ်။

ဒီလို ထူးခြားတဲ့ ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရား အနှစ်သက်ဆုံး ဟောကြားတော်မူခဲ့တဲ့ ဘုရားပွင့်မှသာသိနိုင်တဲ့ ဒီကနေ့ "ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ"ကို ဒေသနာတော်တွေထဲက အနည်းငယ် ထုတ်နုတ်ပြီး ဟောကြရ ပြောကြရအောင်။

## ပဋိစ္စသမုပ္ပါဒ ဒေသနာ

**ပဋိစ္စသမုပ္ပါဒ**ဆိုတဲ့ စကားလုံးကို ပဋိစ္စသမုပ္ပါဒ်လို့ မြန်မာတွေက ဒီလိုခေါ်ကြတယ်။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာကိုပြောတာလဲလို့ ဆိုရင် အကြောင်းတရားတွေကို ပြောတာ၊ ဒီစကားလုံး နှစ်လုံးက အကြောင်းတရားကိုဘဲ ဖော်ညွှန်း

တယ်၊ **ပဋိစ္စ**ဆိုတာ အကြောင်းတရားတွေကို မှီပြီး **သမုပ္ပါဒ**ဆိုတာ အကျိုးတရားတွေကို ထုတ်လုပ်ပေးတဲ့ အကြောင်းတရားတဲ့၊ ဒီလို အဓိပ္ပါယ်မှတ်ရမယ်နော်။ (ပဋိစ္စဆိုတာ အကြောင်းတရား၊ သမုပ္ပါဒဆိုတာ အကျိုးတရား၊ ဒီလိုမဟုတ်ဘူးနော်) ပဋိစ္စသမုပ္ပါဒဆိုတဲ့ စကားလုံးက အကြောင်းတရားကို ဖော်ညွှန်းတာ။ အဲဒီ အကြောင်းတရားတွေသည် အကျိုးကို ထုတ်လုပ်တဲ့အခါမှာ တခြားအကြောင်းတစ်ခုကို အမှီပြုပြီးမှ ထုတ်လုပ်လို့ရတယ်ဆိုတာကို ထင်ရှားစေလို၍ ပဋိစ္စဆိုတဲ့စကားလုံးကို ထည့်ထားတာ။

ပဋိစ္စသမုပ္ပါဒလို့ခေါ်တဲ့ အကြောင်းတရားကို ပြခြင်းအားဖြင့် အကျိုးတရားတွေကိုလည်း ဖော်ပြပြီးသား ဖြစ်သွားတယ်၊ သို့သော် အကျိုးတရားတွေကို ဖော်ပြတဲ့ စကားလုံးကျတော့ ဘယ်လိုသုံးလဲဆိုရင် "ပဋိစ္စသမုပ္ပန္န"လို့ ဒီလိုသုံးတယ်။

ပဋိစ္စသမုပ္ပါဒဒေသနာမှာ တရား(၁၂)မျိုးကို အသုံးပြုပြီး သံသရာအကြောင်းကို ရှင်းပြတယ်၊ အဝိဇ္ဇာသည် သင်္ခါရ၏အကြောင်း၊ သင်္ခါရသည် ဝိညာဏ်၏အကြောင်း၊ ဝိညာဏ်သည် နာမ်ရုပ်၏ အကြောင်းလို့ အဲဒီ အကြောင်းတရားတွေကို ပဋိစ္စသမုပ္ပါဒလို့ ခေါ်တယ်။

ပဋိစ္စသမုပ္ပန္နကျတော့ အကျိုးတရားတွေကို ပြောတာ၊ အဲဒီအကျိုးတရားတွေက ဘာတွေတုန်းလို့ မေးလိုက်ရင် အဝိဇ္ဇာ၏အကျိုးတရားက သင်္ခါရ၊ သင်္ခါရ၏အကျိုးတရားက ဝိညာဏ၊ ဝိညာဏ၏ အကျိုးတရားက နာမရူပ ဒီလိုဆိုလိုတာ၊ အကြောင်းတရားသည် ပဋိစ္စသမုပ္ပါဒ၊ အကျိုးတရားသည် ပဋိစ္စသမုပ္ပန္န၊ ဒါပါဠိစာပေမှာ ဒီလိုသုံးစွဲပြီး မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခဲ့တဲ့ ပါဠိ နိဒါနဝဂ္ဂ သံယုတ်မှာ အထင်အရှား ရှိပါတယ်။

မြတ်စွာဘုရားကိုယ်တိုင် ပဋိစ္စသမုပ္ပန္နဆိုတာ

ဘာလဲ၊ ပဋိစ္စသမုပ္ပါဒဆိုတာဘာလဲလို့ မြတ်စွာဘုရား ကိုယ်တိုင် မေးခွန်းထုတ်ပြီး ဖြေဆိုဟောကြားခဲ့တဲ့ သုတ္တန်ရှိတယ်၊ အဲဒီသုတ္တန်နှင့်အညီ ဝိသုဒ္ဓိမဂ်မှာ ပဋိစ္စသမုပ္ပါဒဆိုတာ အကြောင်းတရား၊ ပဋိစ္စသမုပ္ပန္န ဆိုတာ အကျိုးတရားလို့ တိတိလင်းလင်းရေးပြီး ရှင်းပြထားတာရှိတယ်။

**ပဋိစ္စသမုပ္ပန္န**ဆိုတဲ့ စကားလုံးနဲ့ တစုံတခုကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ အကျိုးတရား၊ အဲဒါနဲ့ ဆန့်ကျင်ဘက် စကားလုံးက ဘာတုန်းဆိုတော့ **အဓိစ္စသမုပ္ပန္န**၊ စကားလုံးကဆင်ဆင်လေး တူတယ်၊ အဓိစ္စဆိုတာ ဘာကိုမှမမှီဘဲနဲ့ သူဖြစ်ချင်လို့ ဖြစ်လာတဲ့တရားလို့ ဒီလိုပြောတာ၊ accidental ပေါ့၊ သူ့ဟာသူဖြစ်လာတာ၊ အေး ဒါကြောင့် ဒီစကားလုံး ဟာ အင်မတန်မှ အရေးကြီးတယ်ပေါ့၊ အဓိစ္စသမုပ္ပန္န ဆိုတာ မှားယွင်းတဲ့ အယူအဆသာ ဖြစ်တယ်၊ ပဋိစ္စသမုပ္ပန္နဆိုတာ အကျိုးတရားတွေကို ရည်ညွှန်း

တယ်လို့ ဒီလို မှတ်သားထားကြရမှာ ဖြစ်တယ်။

အဲဒီတော့ "ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ" ဆိုတာ ဝိပဿနာရှုမှတ်ဘို့ ကြောင်းကျိုး ဆင်ခြင်တတ်အောင် မြတ်စွာဘုရားက ဟောကြားခဲ့တာဘဲ၊ နိဒါနဝဂ္ဂသံယုတ် တစ်ခုလုံးလိုလို၊ နောက် ခန္ဓဝဂ္ဂသံယုတ်တို့ သဠာယတနဝဂ္ဂသံယုတ်တို့ဟာ ပဋိစ္စသမုပ္ပါဒ် အစိတ်အပိုင်းလေးတွေကို ဟောထားတာ၊ ပဋ္ဌိစ္စသမုပ္ပါဒ် ဟောတဲ့နေရာမှာ မြတ်စွာဘုရားက လေးမျိုးလေးတန် ဟောထားတယ်၊ နွယ်ပင်ကို ရှာယူတဲ့သူကို ဥပမာပေးပြီး သတ္တဝါတွေရဲ့ စရိုက်နဲ့ ကိုက်ညီအောင် အမှန်တရားကို တွေ့ရှိအောင် မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ်ကို လေးမျိုး ခွဲပြီးဟောတယ်။

**နံပါတ်(၁) အစကစပြီး အဆုံးထိ ဟော** တာ၊ အစကနေ အဆုံးကိုဟောတာဟာ ဘယ်လိုလဲ ဆိုရင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ကစပြီး "ဇာတိ

ပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ”တဲ့၊ ဒီတရား (၁၂)မျိုးကို အဝိဇ္ဇာကစပြီး နောက်ဆုံး ဇာတိဇရာ မရဏထိအောင် ဟောတာကို အစကနေ အဆုံးထိ ဟောတယ်လို့ ဒီလိုဆိုလိုတယ်၊ ဒါက ပဋိစ္စသမုပ္ပါဒ် ကို ပြည့်ပြည့်စုံစုံ ဟောလိုက်တာ။

**နံပါတ်(၂) ဒုတိယဒေသနာ အမျိုးအစား က အလယ်ကစပြီး အဆုံးကိုဟောတာ၊** ပစ္စုပ္ပန် ကျကျ ဝိပဿနာရှုနိုင်အောင် မြတ်စွာဘုရားက ဟောတယ်လို့ ယူဆရတယ်၊အလယ်ကစပြီး ဟောတဲ့အခါ “**စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ**

**သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ”** လို့ အလယ်ကစပြီး ဟောလိုက်တာ။

**နံပါတ်(၃) တတိယအမျိုးအစားက အဆုံးကနေ အစကိုသွားတဲ့ဒေသနာမျိုးဖြစ်တယ်၊** ဖြစ်ပေါ်နေတဲ့ အကျိုးတရားကို ဆုပ်ကိုင်ပြီး၊ အဲဒီ အကျိုးတရားရဲ့ အကြောင်းတရားတွေကို လက်ရှိ စူးစမ်းပြတာဖြစ်တယ်၊ ဘုရားလောင်း တရားကျင့်တဲ့ အချိန်မှာ ခုနတုန်းက ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တို့ ဒိဗ္ဗစက္ခုဉာဏ်တို့ ရပြီးတဲ့နောက် အာနာပါနကျင့်စဉ် ကို အခြေခံပြီး ဝိပဿနာစခန်း တက်လှမ်းတဲ့အခါမှာ ပစ္စယပရိဂ္ဂဟဉာဏ်အနေနဲ့ ဘုရားအလောင်းဟာ ဘယ်လိုဆင်ခြင်သလဲလို့ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို ပြောင်းပြန် အဆုံးမှအစရောက်အောင် ဆင်ခြင် သွားတာ။

“လောကကြီးဟာ တယ်ပြီး ဒုက္ခရောက်နေ ပါလား”၊ ဘာဖြစ်လို့တုန်းဆိုရင် (ကိုယ့်ကိုကိုယ်

လည်း စဉ်းစားကြည့်ပေါ့လေ) "အိုရတယ်၊ နာရတယ်၊ သေရတယ်၊ သေပြီးလျှင် ပြန်မွေးရအုန်းမယ်၊ မွေးပြီးရင် ပြန်သေရအုန်းမယ်၊ မွေးလိုက်သေလိုက်၊ စုန်ချီဆန်ချီ သံသရာထဲမှာ လည်နေရတာ" ရပ်လို့မရတဲ့ ပြဿနာတခုလိုဘဲ ဖြစ်နေတယ်။

အိုခြင်း၊ နာခြင်း၊ သေခြင်းလို့ဆိုတာ လူတွေရဲ့ မဖြေရှင်းနိုင်တဲ့ ပြဿနာကြီးတစ်ခုဘဲ၊ လောကမှာ လူတွေက စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာတို့၊ နိုင်ငံရေးပြဿနာတို့ မိသားစု ပြဿနာတို့၊ ဒါကို ပြဿနာလို့ ထင်တယ်၊ အိုတာနာတာကို ပြဿနာလို့ မယူဆကြဘူး၊ လူ့သဘာဝလို့ ယူဆကြတယ်။ အဲဒါကြောင့် ပြဿနာလို့ မယူဆကြလို့ ဘယ်တော့မှ အဖြေရှာကြမှာ မဟုတ်ဘူး၊ ပြဿနာလို့ ယူဆမှသာ အဖြေရှာကြမှာ ဖြစ်တယ်။

ဘုရားလောင်းတွေကျတော့ အိုတာ၊ နာတာ၊ သေတာကို ပြဿနာလို့ ယူဆကြတယ်၊ problem

ပေါ့၊ ဘုရားလောင်းတွေက စဉ်းစားကြတယ်၊ လောကကြီးဟာ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ပြန်ပြီးတော့ မွေးရအုံးမယ်၊ ဒီ အိုရ၊ နာရ၊ သေရ တာတွေဟာ ဘာကြောင့် ဖြစ်နေရတာလည်းဆိုတာ အဖြေထုတ်ကြည့်တော့ မွေးဖွားခြင်းဆိုတဲ့ ဇာတိရှိလို့ ဖြစ်နေရပါလားလို့၊ ဒါဖြင့်မွေးဖွားခြင်းဆိုတဲ့ ဇာတိ ဘာဖြစ်လို့ လာရတာတုန်းဆိုတော့၊ ဘဝရှိနေလို့ ပါလား၊ ဘာဖြစ်လို့ ဘဝက ရှိရပြန်တာတုန်းဆိုတော့ ဥပါဒါန်ဆိုတဲ့ အစွဲအလန်း ရှိနေလို့ဘဲ၊ အဲ ဥပါဒါန်က ဘာဖြစ်လို့ ရှိရပြန်တာတုန်းဆိုတော့ တဏှာဆိုတဲ့ လိုချင်မှုရှိနေလို့ဘဲ၊ တဏှာဆိုတာက ဘာဖြစ်လို့ ရှိနေရတာတုန်းဆိုရင် ခံစားမှုဆိုတဲ့ ဝေဒနာရှိနေလို့ ဘဲ။ စိတ်ရဲ့ ခံစားမှုဝေဒနာ ဘာဖြစ်လို့ရှိရတုန်းဆိုရင် အာရုံနဲ့ ဆုံမိတယ်ဆိုတဲ့ ဖဿရှိနေလို့ဘဲ၊ ဒါဖြင့်လျှင် အာရုံနဲ့ဆုံမိတဲ့ ဖဿက ဘာဖြစ်လို့ ရှိရတုန်းဆိုရင် မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ အာယတန

(၆)ပါး ရှိနေလို့ဘဲ၊ ဒါဖြင့် အာယတနတွေ ဘာဖြစ်လို့ ရှိနေရတာလည်းလို့ဆိုရင် နာမ်တွေရုပ်တွေ ရှိနေလို့ဘဲ၊ နာမ်ရုပ်က ဘာဖြစ်လို့ ရှိရပြန်တာလည်းဆိုရင် ဝိညာဏ်ရှိနေလို့ဘဲ၊ ဝိညာဏ်က ဘာဖြစ်လို့ ရှိရတုံးဆိုရင် သင်္ခါရဆိုတဲ့ ကံတရားရှိနေလို့ဘဲ၊ ဒါဖြင့် ဒီ သင်္ခါရက ဘာဖြစ်လို့ရှိရတုန်းဆိုရင် အဝိဇ္ဇာကြောင့်ဘဲ ဆိုပြီး အဆုံးကနေ အစထိအောင် သွားတယ်။

ဒါက တတိယအမျိုးအစား ပဋိစ္စသမုပ္ပါဒ်ဒေသနာလို့ ခေါ်တယ်၊ ဘုရားအလောင်းတွေဟာ နောက်ကြောင်းပြန်ပြီး အကြောင်းအရာတွေကို ရှာရှာပြီး ဆင်ခြင်စဉ်းစားသွားတာ၊ အကြောင်းအရာကို ရှာတွေ့တယ်၊ မှန်ကန်တဲ့ အကြောင်းအရာတွေကို ရှာတွေ့နိုင်တယ်ပေါ့။ သစ္စာတရား ဆိုတာလည်း အကြောင်းနဲ့အကျိုးပဲ ရှာတာဘဲ၊ ပဋိစ္စသမုပ္ပါဒ်လည်း အကြောင်းနဲ့အကျိုးရှာတာဘဲ၊ ဒါကြောင့် သစ္စာနဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ အကျဉ်းနှင့်အကျယ်ပဲ ကွာတယ်

ပေါ့။

အဲဒီနောက် နံပါတ်(၄) အမျိုးအစားက အလယ်ကနေ အစကို ပြန်သွားတာ၊ ဘယ်လို ပြန်သွားတာတုန်းဆိုရင် "ဝေဒနာဘာကြောင့် ဖြစ်ရသလဲ၊ ဖဿဖြစ်လို့ ဖြစ်ရတယ်၊ ဖဿက ဘာဖြစ်လို့ ဖြစ်ရသလဲဆိုရင် သဠာယတနဖြစ်လို့ ဖြစ်ရတယ်၊ သဠာယတနက ဘာကြောင့်ဖြစ်ရလဲ စသည်ဖြင့် အလယ်ကစပြီး အစကိုသွားတယ်။

ကောင်းပြီ၊ ဒီကနေ့ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာတရားမှာ သုတ္တန်တခုကို အခြေပြုပြီး ဘုန်းကြီးတို့တတွေ မှတ်သားကြမယ်၊ ပဋိစ္စသမုပ္ပါဒ် ဆိုတာ အားလုံးသိကြတဲ့အတိုင်း ဘဝရဲ့အစ ဝိညာဏ ပဋိသန္ဓေစိတ်၊ ထိုပဋိသန္ဓေစိတ် ဖြစ်လိုက်တာနဲ့ တပြိုင်နက် နာမ်တွေရုပ်တွေ ဖြစ်တယ်၊ နာမ်တွေ ရုပ်တွေ ဖြစ်လာတဲ့အခါမှာ six organ လို့ခေါ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ပါလာတယ်၊

မျက်စိရှိတော့ မြင်စရာတွေ မြင်တာပေါ့၊ နားရှိတော့ ကြားစရာတွေ ကြားတာပေါ့၊ အဲဒီ မြင်စရာ ကြားစရာ ပြင်ပကအာရုံတွေနဲ့ ဆက်သွယ်လာလို့ ဆက်သွယ်မှုရလာတာဟာ ဖဿဘဲ၊ ဆက်သွယ်မှု ရလာလို့ အတွေ့အကြုံဆိုတဲ့ အကောင်းအဆိုး ခံစားမှု ဆိုတဲ့ ဝေဒနာပေါ်လာတယ်၊ အကောင်းအဆိုး ဝေဒနာကို အကြောင်းပြုပြီး ကောင်းတာခံစားရရင် နောက်ထပ် ခံစားချင်တယ်ဆိုတဲ့ တဏှာလာတာဘဲ၊ အဲဒီ တဏှာလာရင် ခံစားရမှု အာရုံပေါ် မှာ စွဲလန်းမှု ပြင်းထန်လာလျှင် ဥပါဒါန်ဖြစ်လာတယ်၊ ဥပါဒါန် ပြင်းထန်လာရင် ဒါမျိုးရအောင်လုပ်လို့ ကမ္မဘဝတွေ ဖြစ်လာတယ်၊ ကံတရားတွေ ပြုလုပ်လာလို့ ခန္ဓာရလာတယ် ဘဝရလာတယ် ဥပပတ္တိဘဝ၊ အဲလို ဘဝရှိလာတဲ့အတွက် ဇာတိဆိုတဲ့ မွေးဖွားခြင်းတွေ ဖြစ်ပေါ်လာတယ်၊ မွေးဖွားခြင်းတွေကြောင့် မရဏ ဆိုတာ လာတယ် ၊ ဘဝတစ်ခုဟာ ဆင်ခြင်စဉ်းစား

ကြည့်လိုက်တဲ့အခါ ဒီအတိုင်းဘဲ တွေ့ရတယ်။

## ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာရှုပုံ

အဲဒီတော့ ဝိပဿနာရှုရင် ကိုယ့်ရဲ့လက်တွေ့ ဘဝမှာ ဘယ်အရာကို ဝိပဿနာရှုမလဲ။ ပဋိစ္စ သမုပ္ပါဒ် သံသရာစက်ဝန်းကြီးကို ဘယ်ကနေ ဖြတ်ရ မလဲဆိုတာကို ဆရာတော်ကြီးတွေက ဟောတယ်၊ "ဝေဒနာပစ္စယာ တဏှာ" ဆိုတဲ့ နေရာက ဖြတ်ရမယ် လို့ ဟောတယ်၊ အဲဒီလို ဖြတ်တဲ့အခါမှာ ဝေဒနာ ပစ္စယာ တဏှာ မဖြစ်အောင် ဝိပဿနာကျင့်စဉ်ကို ကျင့်တာ၊ အဲဒီလို ဖြတ်တဲ့နေရာမှာ ဝေဒနာကို အာရုံအဖြစ် အသုံးချပြီး ဖြတ်တာရှိတယ်၊ ဝေဒနာ မဟုတ်ဘဲ ဖဿတို့ သဠာယတနတို့ကို ဝိပဿနာ အာရုံအဖြစ် အသုံးချပြီး ဖြတ်တာရှိတယ်၊ ဆိုလိုတာ ကတော့ တဏှာမဖြစ်အောင် ပြုလုပ်တာဖြစ်တယ်၊ တရားအားထုတ်တယ်ဆိုတာ တဏှာမဖြစ်အောင်

ကြိုးစားအားထုတ်တာ ဖြစ်တယ်။

တဏှာပယ်ဖို့ဟာ ဘာကိုမြင်အောင်ကြည့်ရ မလဲဆိုရင် ဒုက္ခသစ္စာကို မြင်အောင်ကြည့်ဖို့ လိုတာဘဲ။ အဲဒီ **ဝိညာဏ နာမရူပ သဠာယတန ဖဿ ဝေဒနာ**တို့ ဆိုတာ ဒုက္ခသစ္စာတွေဘဲ၊ အဲဒီ ဒုက္ခသစ္စာတွေကို အမှန်အတိုင်းမြင်အောင် အသိဉာဏ်တစ်ခု ရရှိလာအောင် ကြိုးစားအားထုတ်တာကို မဂ္ဂင်ရှစ်ပါး အကျင့်တရား ပွားများအားထုတ်တာ ။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်နှင့် ပတ်သတ်၍ မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာ၊ **“စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော”** ဖြစ်ပေါ်ပုံလေးကို ဟောထားတာ၊ ဘုန်ကြီးတို့တတွေ အာရုံပြုပြီးကြည့်၊ နေ့စဉ်နှင့်အမျှ မျက်လုံးလေး ဖွင့်လိုက်တာနှင့် တပြိုင်နက်တည်း သဘာဝတရားတွေ ဖြစ်လာတာကို သတိထားတတ်ရမယ်၊ မျက်လုံးလေး ဖွင့်လိုက်တာနှင့်

တပြိုင်နက်တည်း မြင်စရာ အာရုံတစ်ခုဟာ မျက်လုံးနဲ့ လာ၍ဆုံမိတယ်၊ ဆုံမိတဲ့အခါ မြင်ခြင်းဆိုတဲ့ မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်) ပေါ်လာတယ်၊ မျက်လုံး,မြင်ရတဲ့အာရုံ ထိုနှစ်ခု ဆုံဆည်းမှုကြောင့် ဖြစ်ပေါ် လာတဲ့ စက္ခုဝိညာဏ်စိတ်တို့ကို ဝိပဿနာ ရှုလို့ ရတယ်။

အဲဒီလို စက္ခုဝိညာဏ်စိတ် ပေါ်လာတဲ့ အခါမှာ "**တိဏ္ဏံ သင်္ဂတိ ဖဿော**" အဲဒီ(၃)ခု ဆုံမိခြင်းကြောင့် ဖဿဆိုတဲ့ သဘာဝတရားတစ်မျိုး ထပ်ပြီးပေါ်လာတယ်၊ ဒီဖဿကို ဘာလို့ အဓိက ထားပြီး ပြောရတာလဲဆိုတော့ အာရုံနှင့်စိတ် ထိခိုက်မှု ပြင်းထန်လေလေ ခံစားမှုက ပို၍ထင်ရှားလေလေ၊ မဆုံဘဲ ခံစားမှုက မဖြစ်ဘူး၊ စဉ်းစားကြည့်လေ ဖဿရဲ့သဘော ဘယ်လောက် ထင်ရှားတယ်ဆိုတာ စဉ်းစားကြည့်၊ ကိုယ့်ရှေ့မှာ တစ်စုံတစ်ယောက်က အင်မတန်ချဉ်တဲ့ အသီးတစ်ခုကို စားနေတာမြင်ရရင်

အလိုလိုနေရင်း တံတွေးစည်းလာတယ်၊ အဲဒါ ဖဿရဲ့ ထိခိုက်မှု သဘောပဲပေါ့။ ကြောက်တတ်တဲ့ လူ တစ်ယောက်ဟာ သွေးရဲရဲသံရဲရဲ မြင်ရရင် အလိုလို လန့်ပြီး ကြက်သေ,သေတာမျိုးဖြစ်တာ ဖဿရဲ့ သဘောဘဲပေါ့။

အဲဒီတော့ အာရုံနဲ့စိတ် ထိခိုက်မှု ပြင်းထန် လေလေ ခံစားမှုက ပြင်းထန်လာလေလေပဲ၊ အဲဒီ တော့ စိတ်ဖြစ်လာပုံလေးကို ကြည့်မယ်ဆိုရင် ရူပါရုံနဲ့ အဆင်း ဆုံမိတဲ့အခါမှာ စက္ခုဝိညာဏ် စိတ်ကလေး ပေါ်လာတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာကျတော့ မြတ်စွာ ဘုရားက "သဠာယတနပစ္စယာ ဖဿော" လို့ဘဲ ဟောလိုက်တာ၊ အဲဒီ ဒေသနာတော်နဲ့ တစ်ခြား သုတ္တန်တစ်ခုမှာ ဟောတဲ့ဒေသနာတော်မှာ ဟောတာ က စက္ခုနှင့်ရူပါရုံဆုံလို့ စက္ခုဝိညာဏ်စိတ် ပေါ်တယ် လို့ ဟောတယ်၊ အဲဒီလို စက္ခုဝိညာဏ်စိတ် ပေါ်လာတဲ့ အခါမှာ ရူပါရုံရယ် စက္ခုပသာဒရယ် မြင်သိစိတ်ရယ်

ဆုံလိုက်တဲ့အခါမှာ ဖဿဖြစ်လို့ "တိဏ္ဏံ သင်္ဂတိ ဖဿော"လို့ ဟောတယ်။

သို့သော် ပဋိစ္စသမုပ္ပါဒ်မှာ "သဠာယတန ပစ္စယာ ဖဿော"လို့သာ ဟောတာ၊ အဲဒီတော့ သဠာယတနဆိုတဲ့အထဲမှာ အဓိက စက္ခုကိုဟောပြတာ အာယတနအရ အဇ္ဈတ္တိကာယတန ဗာဟိရာယတနကို ယူမယ်ဆိုရင် ရူပါယတနနှင့် စက္ခာယတန ပေါင်းဆုံလိုက်တဲ့အခါမှာ စက္ခုဝိညာဏ်စိတ် ဖြစ်လာတယ်ဆိုတာကို ပဋိစ္စသမုပ္ပါဒ်မှာ မထည့်ဘူး၊ "သဠာယနပစ္စယာ ဖဿော"လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဟောတယ်၊ ဒါပေမယ့် တစ်ခြားသုတ္တန်အနေနဲ့ ဖြည့်စွက်ပြီး နားလည်ရမှာကတော့ "သဠာယတနပစ္စယာ ဝိညာဏံ"လို့ နားလည်ရမယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ "**စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**"မျက်စိနဲ့အဆင်းနဲ့ တွေ့တဲ့အခါကျမှ စက္ခုဝိညာဏ်စိတ် ပေါ်တယ်၊ အဲလို ပေါ်တဲ့အခါကျမှ

စက္ခုဝိညာဏ်စိတ်နှင့် အတူတကွ ဖဿဆိုတာ ဖြစ်တယ်လို့ ဒီလိုဟောခဲ့တာ။

**ဒွါရသုတ္တန်**မှာ ဝိပဿနာရှုကွက်ကို မြတ်စွာဘုရားက ဘယ်လိုဟောတုံးဆိုတော့ မြင်သိစိတ်ရဲ့ အကြောင်းဟာ စက္ခုပသာဒနဲ့ ရူပါရုံဘဲ၊ အဲဒီစက္ခုပသာဒဟာလည်း မမြဲတဲ့အနိစ္စ၊ အနိစ္စရဲ့ သဘောကို "ဟုတွာ အဘာဝ"လို့ အဓိပ္ပါယ်ဖော်တယ်၊ မဖြစ်ခင်က တစ်နေရာမှာ စုနေတာမဟုတ်ဘူး၊ "အဟုတွာ သမ္ဘောတိ" တစ်နေရာရာမှာ စုထားတာမဟုတ်ဘဲ အကြောင်းတိုက်ဆိုင်လာမှ ဖြစ်ပေါ်လာတာ၊ အကြောင်းဆုံမိလို့ မရှိတဲ့နေရာက လာခဲ့တာ။

ဆိုပါစို့၊ ပိုပြီးထင်ရှားအောင် ဥပမာနှင့် ကြည့်ရအောင်၊ စည်တီးလိုက်တယ် ဆိုပါစို့၊ တုတ်နဲ့ စည် ဆုံတွေ့လိုက်တဲ့အခါ စည်သံလေး ထွက်ပေါ်လာတယ်၊ ဒီစည်သံလေးဟာ မတီးခင်က စည်

မျက်နှာပြင်မှာ အောင်းနေတာလည်း မရှိဘူး၊ တုတ်ထဲ မှာလည်း အောင်းနေတာမဟုတ်ဘူး၊ ဘယ်နေရာမှ အောင်းနေတာ မဟုတ်ဘူး၊ သို့သော် တုတ်နဲ့စည် မျက်နှာပြင် ထိလိုက်တဲ့အခါ ပေါ်လာတာ ဖြစ်တယ်၊ အဲဒါကို ပြောတာ၊ အကြောင်းဆုံမှ ဖြစ်လာတာလို့၊ **ဟုတွာ**– ဆိုင်ရာအကြောင်းတွေကြောင့် ဖြစ်လာပြီး၊ **ပဋိဝေန္တိ**– ပျောက်သွားတာ၊ မဖြစ်ခင်ကလည်း စုနေတာ မဟုတ်ဘူး ဖြစ်ပေါ်လာပြီးတဲ့ အခါမှာလည်း တခဏအတွင်း ပျောက်သွားတာကို အနိစ္စလို့ ဒီလို ပြောတာ၊ အဲဒါကိုဘဲ **အနုပဒသုတ္တန်**မှာ "အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တိ"လို့ အနိစ္စသဘောရဲ့ လက္ခဏာကို ရှင်းပြတယ်။

**အဟုတွာ**–နဂိုက တနေရာရာရှိနေတာ မဟုတ်ဘဲ၊ **သမ္ဘောန္တိ**–အကြောင်းတွေ ဆုံတဲ့အခါမှာ ပေါ်လာတယ်။ **ဟုတွာ**–အကြောင်းဆုံလို့ ပေါ်လာ

ပြီးတဲ့အခါမှာလည်း၊ **ပဋိဝေန္တိ**–လုံးဝပျောက်ကွယ် သွားကြတယ်။ မမြဲဘူးဆိုတာ အဲဒါကိုပြောတာ။

အဲဒီတော့ စက္ခုပသာဒကလည်း မမြဲဘူး၊ ရူပါရုံကလည်း မမြဲဘူး၊ မမြဲတဲ့ ရူပါရုံ စက္ခု ဒီနှစ်ခုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ မြင်သိစိတ်ကလည်း မမြဲဘူး၊ မြတ်စွာဘုရားက အသိဉာဏ်နဲ့ တွေးတော ဆင်ခြင်ပုံ အနုမာနအားဖြင့် မြင်ဖို့ **"အနိစ္စ သမ္ဘူတံ ကုတော နိစ္စံ ဘဝိဿတိ"**ဆိုတဲ့ စကားလုံးကို အသုံး ပြုပြီးတော့ ဟောတာ၊ **အနိစ္စ သမ္ဘူတံ**–အနိစ္စ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ တရားဟာ၊ **ကုတော နိစ္စံ ဘဝိဿတိ**–ဘယ်မှာမြဲတဲ့တရား ဖြစ်နိုင်မှာလည်း၊ (သေတတ်တဲ့ အမေက မွေးလာတဲ့ သူဟာ ဘယ်မှာ မသေဘဲနေမလဲ)ဒါကိုပြောတာ။ အဲဒီတော့ သူ့ကိုဖြစ်စေတတ်တဲ့ အကြောင်းတရားက အနိစ္စဖြစ်နေမှ ဖြစ်လာတဲ့ အကျိုးတရားဟာ ဘယ်မှာ နိစ္စဖြစ်နိုင်မလဲဆိုတဲ့ အသိဉာဏ်ကိုရဖို့ မြတ်စွာ

ဘုရားက ဒီလိုဟောတာ။

အဲဒီတော့ စက္ခုပသာဒ မမြဲဘူး ပြောင်းလဲတတ်တယ်၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်တယ်၊ အဲဒီလို မမြဲတဲ့ အရာနှစ်ခုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ မြင်သိစိတ်တို့ဟာလည်း မမြဲဘူး၊ ပြောင်းလဲတတ်တယ်၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်တယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ်ဆိုတာတွေဟာ မမြဲတဲ့သဘောကို ရှုမှတ်ပြီးတဲ့အခါမှာ "တိဏ္ဏံ သင်္ဂတိ ဖဿော" မမြဲတဲ့ သဘာဝတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဖဿဟာလည်း ဘယ်လိုလုပ် မြဲမလဲ ဆိုတာ ရှုမှတ်ပါ။

ဖဿကို (၆)မျိုးခွဲပြီး ဟောတယ်၊ မျက်စိက မြင်ပြီးတော့ အာရုံနဲ့တွေ့ဆုံတာ **စက္ခုသမ္ဖဿ**၊ နားကကြားပြီး အာရုံနဲ့တွေ့ဆုံတာ **သောတသမ္ဖဿ**၊ ဒီလို ဒွါရခြောက်ပါးမှာ ဖဿ(၆)မျိုးဟာလည်း မမြဲဘူး၊ ထိုဖဿ (၆)မျိုးရှိတဲ့အတွက်ကြောင့် ခံစားမှု

ဆိုတာလည်း (၆)မျိုးပေါ်လာတယ်၊ ထိတွေ့ပြီးမှ အတွေ့အကြုံဆိုတာလည်း ရတာလေ၊ ဒူးယင်းသီး မစားဖူးပဲ ဒူးယင်းသီး ကောင်းသလား ဆိုးသလား ဆိုတာ ဘယ်လိုလုပ် သိနိုင်မလဲပေါ့၊ ဝေဒနာဆိုတာ အာရုံနဲ့စိတ် ဆုံမိမှ စိတ်ခံစားမှုဆိုတာ ပေါ်လာနိုင်တာ၊ ကောင်းရင် သုခဝေဒနာ၊ မကောင်းရင်ဒုက္ခဝေဒနာ၊ ကောင်းမကောင်း မထင်ရှားရင် အဒုက္ခမသုခဝေဒနာလို့ မမြဲတဲ့အကြောင်းများကို အခြေပြုပြီး ဖြစ်တာဖြစ်သောကြောင့် သူဟာလည်း မမြဲတဲ့ သဘောတရားတွေဘဲလို့ ဟောတာ။ အဲဒီလို ဝေဒနာထိအောင် ဝိပဿနာရှုရတယ်။

ပဋိစ္စသမုပ္ပါဒ် အနေနဲ့ ဒီသုတ္တန်မှာ ဒီလိုဟောပေးထားတာ၊ အဲဒီလို ပဋိစ္စသမုပ္ပါဒ်ဖြင့် မျက်စိကနေပြီး ဝေဒနာထိအောင် ဝိပဿနာရှုပုံ၊ နားကအသံကြားပြီး ဝေဒနာထိအောင် ဝိပဿနာရှုပုံ၊ နှာခေါင်းက အနံ့ရလာပြီး ဝေဒနာထိအောင်

ဝိပဿနာရှုပုံ၊ အဲဒီ သဘာဝတရားတွေကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က "ပဋိစ္စသမုပ္ပါဒ်ကို ပစ္စုပ္ပန်ကျကျ ဆင်ခြင်သုံးသပ်ပြီး ဝိပဿနာရှုနည်း" ဆိုပြီး ဟောခဲ့တာဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်းတရားတွေကို ဖော်ပြပြီး အကျိုးတရားတွေကိုပါ ဟောသွားတာ ဖြစ်တယ်။

အဲဒီထဲမယ် **"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ"**ဟာ ပိုင်းခြားပြီး သိရမယ့် တရားတွေသာဖြစ်တယ်၊ ဖယ်ရှားပြစ်ရမယ့် တရားတွေမဟုတ်ဘူး၊ ဖယ်ရှားပြစ်ရမဲ့ တရားတွေကတော့ တဏှာ ဥပါဒါန်တွေ၊ တွဲဖက်ပြီး ဖြစ်တတ်တဲ့ အဝိဇ္ဇာဆိုတဲ့ ကိလေသာတွေကိုသာ ဖယ်ရှားပြစ်ရမှာ ဖြစ်တယ်။

ဝိပဿနာကျင့်စဉ်တခုကို ကျင့်တဲ့အခါ ဘယ်အပေါ်မှာ ကျင့်ရမလဲဆိုရင် ဥပါဒါန် ဖြစ်ပေါ်လာနိုင်တဲ့ အပေါ်မှာ ဝိပဿနာကျင့်စဉ်ကို ကျင့်ရမှာ

ဖြစ်တယ်၊ မျက်စိနဲ့မြင်ပြီး နားနဲ့ကြားပြီး နှာခေါင်းနဲ့ နံပြီး ခန္ဓာကိုယ်နှင့်ထိတွေ့ပြီး စွဲလန်းမှုတွေ ဖြစ်ပေါ်လာတယ်၊ မျက်စိကိုလည်း စွဲတာပဲ၊ ရူပါရုံကိုလည်း စွဲတာပဲ၊ မြင်သိစိတ်ကိုလည်း စွဲတာပဲ၊ ဖဿကိုလည်း စွဲတာပဲ၊ ထိုစွဲလန်းမှုတွေအပေါ်မှာ ထိုစွဲလန်းမှုကို ဖယ်ရှားနိုင်ဖို့အတွက် အာရုံရဲ့ သဘာဝကို မှန်မှန်ကန်ကန် သိအောင် ပိုင်းခြားပြီးသိအောင် ဝိပဿနာကျင့်စဉ်ကို သိအောင်ကျင့်တာ။

ဝိပဿနာကျင့်တဲ့အခါ ဝိပဿနာရဲ့ အာရုံတွေကိုပဲ အဲဒီလို ကျင့်ကြံအားထုတ်လို့ အနိစ္စသဘောကို မြင်ပြီဆိုရင် **"ယဒနိစ္စံ တံ ဒုက္ခံ"**လို့ မမြဲတဲ့သဘောက နှိပ်စက်သောကြောင့် ဒုက္ခလို့ ပြောတာ၊ **"ယံ ဒုက္ခံ တဒနတ္တာ"**ဆိုတဲ့အတိုင်း ဒုက္ခဖြစ်တတ်တဲ့ သဘာဝတရားဟာ အတ္တဆိုတာ မဖြစ်နိုင်ဘူး၊ ကိုယ့်ရဲ့အလိုကိုမလိုက်ဘူး၊ အနတ္တတရားသာ ဖြစ်တယ်။ အနိစ္စမြင်ရင် ဒုက္ခလည်းမြင်တယ်၊

အနတ္တလည်း မြင်တယ်။

အဲဒီလို ပဋိစ္စသမုပ္ပါဒ်မှာပါတဲ့ တရားတွေကို ဝိပဿနာရှုရင် ဝိပဿနာဉာဏ် တက်လာပြီဆိုတာ ဝိဇ္ဇာဉာဏ် ဖြစ်တာဘဲ၊ ထိုဝိဇ္ဇာဉာဏ်ဟာ အာရုံတွေပေါ်မှာ အမှန်မသိအောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာကို ဖယ်ခြင်းပဲဖြစ်တယ်။ အဝိဇ္ဇာကို ဖယ်ရှားတဲ့အခါမှာ တွယ်တာမှုဆိုတဲ့တဏှာကိုလည်း ဖယ်ရှားလိုက်တယ်၊ စွဲလန်းမှုဆိုတဲ့ ဥပါဒါန်ကိုလည်း ဖယ်ရှားလိုက်တယ်၊ ဆိုလိုတာက **မဂ္ဂသစ္စာ၊ ဒုက္ခသစ္စာ**ကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါမှာ ဒုက္ခသစ္စာကို ဖြစ်ပွားစေတဲ့ **သမုဒယသစ္စာ**လို့ဆိုတဲ့ တဏှာဦးဆောင်တဲ့ ကိလေသာတွေကို ဖယ်ရှားပြစ်ဖို့ ကြိုးစားတာပဲ၊ ဖယ်ရှားပြစ်လိုက်ပြီဆိုလို့ရှိရင် **ဒုက္ခနိရောဓ** ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီကနေ့ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဟောကြား

ခဲ့တဲ့ ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်မှာ "စက္ခုံ့ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" မျက်စိနှင့်အဆင်း ဆုံမိတဲ့ အခါ မြင်သိစိတ်ဖြစ်တယ်၊ "တိဏ္ဏံ သင်္ဂတိ ဖဿော" အဲဒီ တရားသုံးခု ပေါင်းဆုံမိတဲ့အခါ ဖဿဖြစ်လာ တယ်၊ **ဖဿပစ္စယာ ဝေဒနာ** ဖဿပြီးရင် ဝေဒနာ ဖြစ်တယ်၊ **ဝေဒနာပစ္စယာ တဏှာ** ဝေဒနာဖြစ်ရင် တဏှာဖြစ်လာတယ်၊ တဏှာ ဖြစ်လာရင် ဥပါဒါန် ဖြစ်တယ်၊ ဥပါဒါန်ဖြစ်ရင် ဘဝ,ကမ္မဘဝ ဖြစ်တာ တွေ ရှိလာတယ်၊ ဘဝဖြစ်လာရင် ဇာတိဖြစ်လာ တယ်၊ ဇာတိပစ္စယာ ဇရာ၊ ဗျာဓိ၊ မရဏာ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာ ပေါ်လာမှာပဲ၊ ဒီကြားထဲမှာ လည်းဘဲ သောကတို့ ဒုက္ခတို့ ဒေါမနဿတို့ စိတ်ကို ပူလောင်စေတတ်တဲ့ သဘာဝတရားတွေဟာ ဖြစ်လာ မှာဘဲ။

ဒီဒုက္ခတရားတွေ အားလုံးက ကင်းလိုလျှင် မဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ တစ်ခုတည်းသော

လမ်းကြောင်းသာဖြစ်တယ်လို့ **မဟာသတိပဋ္ဌာန သုတ်**မှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ"လို့ သတိပဋ္ဌာန်ဦးဆောင်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ရည်ညွှန်းပြီး ဟောတယ်၊ **သတ္တာနံ ဝိသုဒ္ဓိယာ**–သတ္တဝါတွေ ကိလေသာအညစ်အကြေးမှ စင်ကြယ်စေဖို့၊ **သောက ပရိဒေဝါနံ သမတိက္ကမာယ**–ပူပင်မှုတွေ ပူလောင်မှုတွေ ကျော်လွှားနိုင်မှ၊ **ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ**–ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေ ချုပ်ငြိမ်းသွားမှ စင်ကြယ်မှုတွေ ဖြစ်နိုင်တယ်။

ဒါဖြင့် အဲဒီစင်ကြယ်မှုရဖို့ နည်းလမ်းက ဘာလဲဆိုရင် **ဉာယဿ အဓိဂမာယ**–ဒီသောကတွေ ဒုက္ခတွေ ပရိဒေဝတွေ ဒေါမနဿတွေ ဒီစိတ်ကို ပူလောင်စေတတ်တဲ့ အဆိုး(၄)မျိုးကို ဘာနဲ့ ဖယ်ရှား မလဲလို့ဆိုရင် မဂ္ဂင်နှင့်ဖယ်ရှားနိုင်တယ်၊ ဒါကြောင့်မို့ အဲဒီနိဗ္ဗာန်ကို ရောက်စေနိုင်တဲ့လမ်းကြောင်း ဆိုတာ

ဉာယ၊ ဉာယဆိုတာ တစ်ခြားဟာကို ပြောတာမဟုတ်ဘူး၊ ဝိပဿနာကျင့်စဉ်နှင့် မဇ္ဈိမပဋိပဒါ ကျင့်စဉ်ကို ခေါ်တာ၊ အဆင့်အမြင့်ဆုံးကျတော့ မဂ်တရားကို ဉာယလို့ ခေါ်တာဘဲ။ အဲဒီတော့ ဝိပဿနာအကျင့်တရားနဲ့ မဂ်တရားကို ဉာယ၊ အဲဒီ ဉာယဆိုတဲ့တရားကို ရရှိဘို့ဆိုတာလည်းဘဲ ဒီလမ်း ကဘဲ သွားရမယ်။

အဲဒီ ဉာယဆိုတဲ့လမ်းကို တွေ့ပြီဆိုလို့ရှိရင် **နိဗ္ဗာနဿ သစ္ဆိကိရိယာယ**–နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုရင် **သတ္တာနံ ဝိသုဒ္ဓိယာ**–အားလုံးဟာ စင်ကြယ်သွားမှာဖြစ်တယ်၊ ကျင့်စဉ်တစ်ခုဟာ အကျိုး (၇)မျိုး ရရှိနိုင်တယ်ဆိုတာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မဟာသတိပဋ္ဌာန်သုတ်မှာ ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်စပ်တဲ့ ဝိပဿနာကျင့်စဉ်အားထုတ်ပုံကို သံယုတ္တနိကာယ်

ထိုထိုသုတ်တွေမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာတွေကို နမူနာယူ၍ မိမိတို့၏ လက်တွေ့ဘဝမှာ အာရုံတွေ မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်း၊ အရသာ တွေ့တိုင်းတွေ့တိုင်း၊ ခန္ဓာကိုယ်နှင့် ထိတိုင်းထိတိုင်း၊ စိတ်က ကြံတွေးတိုင်းတွေးတိုင်း၊ ဟောဒီ ဖြစ်စဉ်ကြီးတွေနှင့် ဖြစ်တဲ့အခါမှာ အဝိဇ္ဇာအခြေခံပြီး တဏှာတွေဥပါဒါန်တွေ မဖြစ်ရလေအောင် ဝိပဿနာဉာဏ်နဲ့ အမြဲရှုမှတ် သုံးသပ်နေမှသာလျှင် အဝိဇ္ဇာပျောက်ကွယ်ပြီး ကိလေသာဝဋ်တွေကုန်ဆုံးတဲ့အခါ ကမ္မဝဋ်သည် အကျိုးတရားကို မထုတ်လုပ်နိုင်ဘဲ ဝိပါကဝဋ်ကုန်ဆုံး၍ ဝဋ်သုံးပါးမှလွတ်ကင်းသွားတဲ့အခါမှာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်မှာဖြစ်တယ်လို့ သိရှိနားလည်ပြီး မှန်ကန်တဲ့ကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေ ကုန်သတည်း။ ။

သာဓု.....သာဓု.....သာဓု။

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင့်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှည်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပဗ္ဗဇ္ဇာသုတ် အနှစ်ချုပ်
၅၉။ ဘောဇ္ဈင်္ဂုရ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိကာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်
၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃